# 2024 ခုနှစ်အတွက်

အစိုးရအဖွဲ့ပူးပေါင်းညှိနှိုင်းရေးကောင်စီ **မှ တင်သွင်းသော**

**မွေးကင်းစကလေးများနှင့် ကလေးငယ်များအတွက်**

## ICC ဥက္ကဋ္ဌ Cory Best ထံမှ သတင်းစကား

ခင်မင်ရပါသော ပြည်နယ်အုပ်ချုပ်ရေးမှူး Holcomb ခင်ဗျား၊

မွေးကင်းစကလေးများနှင့် ကလေးငယ်များအတွက် အစိုးရအဖွဲ့ပူးပေါင်းညှိနှိုင်းရေးကောင်စီ (ICC) အဖွဲ့ဝင်များကိုယ်စား ICC ၏ နှစ်စဉ်အစီရင်ခံစာကို လေးစားစွာ တင်ပြအပ်ပါသည်။

ယခင်နှစ်အတွင်း ICC ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရခြင်းသည် ကျွန်ုပ်အတွက် ဂုဏ်ယူစရာဖြစ်ပါသည်။ ကျွန်ုပ်သည် သက်ဆိုင်ရာမိဘများ၊ ဝန်ထမ်းများ၊ ဝန်ဆောင်မှုညှိနှိုင်းရေးမှူးများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပြည်နယ်အဖွဲ့ တို့နှင့်အတူ လက်တွဲလုပ်ဆောင်ခဲ့ပါသည်။ ပြည်နယ်အဖွဲ့ကို Christina Commons ဦးဆောင်ပြီး ကျွန်ုပ်တို့၏ အစောပိုင်းကလေးဘဝကာလ စောင့်ရှောက်မှု အသိုက်အဝန်းကို ကိုယ်စားပြုသည်။ ဤစေတနာ့ဝန်ထမ်းများသည် ကျွန်ုပ်တို့ပြည်နယ်၏ အထိခိုက်လွယ်ဆုံးကလေးငယ်များအား ဝန်ဆောင်မှုပေးလျက်ရှိသည်။ သူတို့၏ စေတနာနှင့် စိတ်အားထက်သန်မှုသည် ဤအစီအစဉ်၏ အောင်မြင်မှုအတွက် အရေးကြီးပါသည်။

First Steps အစောပိုင်းကလေးဘဝ စောင့်ရှောက်မှု အစီအစဉ်သည် လိုအပ်နေသော အင်ဒီယာနာပြည်နယ် မိသားစုများအတွက် အရေးကြီးသော ဝန်ဆောင်မှုတစ်ရပ်ကို ပေးပါသည်။ အန္တရာယ်ရှိသော မွေးကင်းစကလေးများနှင့် ကလေးငယ်များကို ကျွမ်းကျင်ဝန်ထမ်းများက သူတို့၏နေအိမ်များနှင့် ကလေးထိန်းဂေဟာများတွင် ကုသပေးပြီး ကျောင်းမတက်မီ အရေးကြီးသော ဖွံ့ဖြိုးတိုးတက်မှု မိုင်တိုင်များကို ရောက်ရှိစေရန် ကူညီပေးပါသည်။

ICC သည် First Steps အပေါ် သင်တို့၏ ဆက်လက်ထောက်ခံမှုနှင့် ယခင်ဘတ်ဂျက်တွင် First Steps ခွင့်ပေးငွေများ တိုးမြှင့်ပေးခဲ့သည့်အတွက် သင်တို့နှင့် လွှတ်တော်အား ကျေးဇူးတင်ရှိပါသည်။ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကြောင့် ICC သည် လိုအပ်နေသော မိသားစုများအား ဝန်ဆောင်မှုများ ဆက်လက်ပေးအပ်နိုင်ရန် ယခုနှစ်တွင် ကြီးမားသောအကျိုးသက်ရောက်မှုရှိသည့် အဆင့်ငယ်ပေါင်းများစွာကို လုပ်ဆောင်နိုင်ခဲ့သည်။

ကျွန်ုပ်တို့သည် ယခုနှစ် ဇန်နဝါရီလတွင် အရေးကြီးသော တိုင်းတာချက်များစွာနှင့် ပတ်သက်၍ အနီးကပ်လေ့လာသည့် ဗျူဟာမြောက်စီမံကိန်းဆွေးနွေးပွဲဖြင့် စတင်ခဲ့သည်။ ကျွန်ုပ်တို့သည် အခွင့်အလမ်းနယ်ပယ်များကို ဖော်ထုတ်ရာတွင် အသက်မွေးဝမ်းကြောင်းအလုပ် စေစီးစွာစတင်လုပ်ကိုင်ခြင်းကို တိုးမြှင့်ရန် ရည်ရွယ်ပြီး ဆပ်ကော်မတီအသစ်များကို ဖန်တီးခဲ့သည်။ ဤဆပ်ကော်မတီများသည် အသက်မွေးဝမ်းကြောင်းအလုပ် စောစီးစွာစတင်လုပ်ကိုင်ခြင်းကို အားပေးရန်၊ အထက်တန်းကျောင်းများ၊ကောလိပ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်ခန့်ခြင်း၊  သက်ဆိုင်ရာနယ်ပယ်များတိုးတက်ရေးအတွက် နည်းပညာ အသုံးပြုနည်းများကို ရှာဖွေခြင်း၊ အခြားပြည်နယ်များ၏ ဗျူဟာများကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပါသည်။

စောစီးစွာစတင်သော စောင့်ရှောက်ရေးဝန်ဆောင်မှုများအတွက် များပြားလာသော လိုအပ်ချက်ကို  ဖြည့်ဆည်းရန် ဆက်လက်ရင်းနှီးမြှုပ်နှံမှုရှိရမည်။ First Steps သည် ဝန်ထမ်းများကို ဆွဲဆောင် ထိန်းသိမ်းထားရန် မက်မောလောက်စရာ လုပ်အားခကို ပေးရပါမည်။ သို့သော်လည်း 2023 ခုနှစ် နှုန်းထားပြောင်းလဲမှုသည် 2018 ခုနှစ်မှ ခေတ်မမီတော့သော လုပ်အားခနှုန်းကို အခြေခံထားပါသည်။ အစောပိုင်းကလေးဘဝစောင့်ရှောက်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကျောင်းနှင့် ဆက်လက်ဆေးကုသမှုတို့တွင် နောက်ထပ်ဝန်ဆောင်မှုများ လိုအပ်ချက်ကို လျှော့ချပေးသည်။ First Steps သည် ကလေးများကို လူ့အသိုက်အဝန်း၏ အကျိုးပြုအဖွဲ့ဝင်များအဖြစ် တစ်ဘဝလုံး လုပ်ကိုင်စားသောက်နိုင်ရန် လမ်းကြောင်းပေါ်သို့ ဦးတည်ပေးပါသည်။ အင်ဒီယာနာပြည်နယ်ရှိ ကလေးများအားလုံးသည် သူတို့၏ စွမ်းရည်ကို အပြည့်အဝရရှိရန် လိုအပ်သော အရင်းအမြစ်များနှင့် ထောက်ပံ့မှုများအတွက် First Steps တွင် ဆက်လက်ရင်းနှီးမြှုပ်နှံရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။

ကျေးဇူးတင်ရှိပါတယ်

Cory Best

ICC ဥက္ကဋ္ဌ

## First Steps ဆိုတာဘာလဲ?

အင်ဒီယာနာပြည်နယ်ရှိ First Steps စနစ်သည် မိသားစုဗဟိုပြု၊ ဒေသအခြေပြု၊ ညှိနှိုင်းပေါင်းစပ်ထားသော စနစ်တစ်ခုဖြစ်ပြီး ကိုယ်အင်္ဂါစွမ်းရည်အားနည်းခြင်း သို့မဟုတ် ဖွံ့ဖြိုးမှုအားနည်းနေသူ မွေးစကလေးများနှင့် ကလေးငယ်များအား အစောပိုင်းစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ပေးပါသည်။ First Steps သည် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းပြီး ဖွံ့ဖြိုးမှုနှောင့်နှေးနေသော မွေးကင်းစကလေးများနှင့် ကလေးငယ်များအား အသက်အရွယ်နှင့် လိုက်ဖက်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသည့် ကုသမှုဆိုင်ရာ ကျွမ်းကျင်ဝန်ဆောင်မှုများကို ပေးအပ်ပါသည်။

## ICC ဆိုတာဘာလဲ?

အင်ဒီယာနာပြည်နယ်ရှိ မွေးကင်းစကလေးများနှင့် ကလေးငယ်များအတွက် အစိုးရအဖွဲ့ပူးပေါင်းညှိနှိုင်းရေးကောင်စီ (ICC) သည် ခန္ဓာကိုယ်အင်္ဂါစွမ်းရည်အားနည်းသူများပညာရေးဥပဒေ (IDEA) ၏ အပိုင်း C လိုအပ်ချက်အရ တရားသူကြီးမှခန့်အပ်ပြီး IC 12-12-7-2 အောက်တွင် ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့ဖြစ်သည်။ မိသားစုနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန (FSSA)၊ ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုဌာန (DDRS) ကို ဦးဆောင်အေဂျင်စီအဖြစ် သတ်မှတ်ထားသည်။ ICC သည် အရည်အသွေးအမြင့်မားဆုံး အစောပိုင်းကလေးဘဝ စောင့်ရှောက်မှုစနစ်ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဗဟိုပြုသော ဝန်ဆောင်မှုများကို ဘဏ္ဍာရေးတာဝန်ယူမှုနှင့် စိစစ်ထိန်းညှိပေးရန် DDRS ကို တာဝန်ပေးအပ်ထားသည်။ အထူးစောင့်ရှောက်မှုလိုအပ်သောကလေးများ၏ မိဘများ၊ ပြည်နယ်အေဂျင်စီအဖွဲ့များ၊ အစောပိုင်းကလေးဘဝ စောင့်ရှောက်မှု ဝန်ဆောင်မှုပေးသူများ၊ လွှတ်တော်အမတ်များနှင့် အခြားသူများကို ကိုယ်စားပြုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသော ICC သည် First Steps ၏ ရည်မှန်းချက်ကို ဆုပ်ကိုင်ထားပြီး First Steps စနစ်ကို ထိခိုက်နိုင်သော ပြဿနာများ၊ စိုးရိမ်မှုများနှင့် လုပ်ဆောင်မှုများကို စောင့်ကြည့်နေပါသည်။

## ပြည်နယ် ဘဏ္ဍာရေးနှစ် ရံပုံငွေ အကျဉ်းချုပ်

First Steps သည် အမျိုးမျိုးသော ရံပုံငွေရင်းမြစ်များကို အသုံးပြုသည်။ ICC သည် DDRS ကို ကူညီရန် ဖက်ဒရယ်၊ ပြည်နယ်၊ ဒေသန္တရနှင့် ပုဂ္ဂလိက ရင်းမြစ်များမှ ရရှိနိုင်သော ရန်ပုံငွေအားလုံးကို ဖော်ထုတ်ညှိနှိုင်းပြီး အတတ်နိုင်ဆုံး ရန်ပုံငွေအားလုံးကို အသုံးပြုရန် လုပ်ဆောင်သည်။ https://iu.mediaspace.kaltura.com/media/t/1_yc5nfitx

SFY 2024 တွင် ကလေးများအတွက် အရည်အချင်းစစ်ဆေးခြင်းနှင့် တိုက်ရိုက်ဝန်ဆောင်မှုများအတွက် စုစုပေါင်း သုံးစွဲမှုမှာ (စနစ်ထည့်ဝင်မှုများ [SPOEs] မပါဝင်ဘဲ) $84,788,966 ဖြစ်သည်။ ဝန်ဆောင်မှုညှိနှိုင်းဆောင်ရွက်ရေး ပေးပို့သည့် SPOE စာချုပ်များ၏ စုစုပေါင်းကုန်ကျစရိတ်မှာ $16,764,245 ဖြစ်သည်။

| ရံပုံငွေ ပင်မအရင်းမြစ် | ရံပုံငွေပမာဏ | SFY24 အတွက် ရံပုံငွေရာခိုင်နှုန်း |
|---|---|---|
| ပြည်နယ် အခန်း C | $18,560,068.44 | 21.89% |
| ဖယ်ဒရယ် အခန်း C | $10,731,877.53 | 12.66% |
| Medicaid/CHIP | $17,479,599.05 | 20.62% |
| ကိုယ်ပိုင်သီးသန့် အာမခံချက် | $14,705,134.94 | 17.15% |
| မိသားစုပါဝင်ခြင်း ကုန်ကျစရိတ် | $1,181,696.05 | 1.39% |
| TANF | $14,705,134.48 | 17.34% |
| လူမှုဝန်ဆောင်မှုများအတွက် လျာထားငွေ | $7,585,065.27 | 8.95% |
| | $84,788,966.76 | 100% |

## The Haug မိသားစုအကြောင်း

လွန်ခဲ့တဲ့ ၂ နှစ်က ကျွန်တော်တို့မိသားစုဟာ Greyson 7 လသားအရွယ်မှာ First Steps ကိုစတင်ဝင်ခဲ့ပါတယ်။ Greyson ဟာ အမွှာနှစ်ယောက်ထဲက တစ်ယောက်ပါ။ သူတို့ကို ကိုယ်ဝန် 25 ပတ်မှာ မွေးဖွားခဲ့ပါတယ်။ Greyson ဟာ 1 ပေါင် 13 အောင်စ အလေးချိန်ရှိပါတယ်။ အမွှာလေးတွေ မွေးဖွားပြီး တစ်လလောက်အကြာမှာ ကျွန်တော်တို့ သမီးလေးကို ဆုံးရှုံးခဲ့ရတယ်။ ကျွန်တော့်သားလေးဟာ 6 လကြာ ဆေးရုံမှာ နေခဲ့ရတယ်။ သူဟာ ဦးနှောက်ရောဂါနဲ့ ဖွံ့ဖြိုးမှုနှောင့်နှေးမှုတွေ ရှိတယ်။ သူဟာ ဦးနှောက်သွေးယိုစီးမှုနဲ့ ဦးခေါင်းရေစွဲရောဂါကြောင့် မျက်လုံးပြဿနာရှိပြီး Ventriculoperitoneal (VP) shunt တပ်ထားတယ်။

ကျွန်တော်တို့ဟာ 2022 ခုနှစ် အောက်တိုဘာလက ပထမဆုံး First Steps ခရီးစတင်ခဲ့တယ်။ အစပိုင်းမှာ ရုပ်ပိုင်းဆိုင်ရာကုထုံးကိုသာ ခံယူခဲ့တယ်။ အခု ကျွန်တော်တို့ဟာ တစ်ပတ်ကို နှစ်ကြိမ် ရုပ်ပိုင်းဆိုင်ရာကုထုံး၊ တစ်လကို နှစ်ကြိမ် ဖွံ့ဖြိုးမှုကုထုံးနဲ့ တစ်ပတ်တစ်ကြိမ် လက်ရွေ့ကုထုံးတွေ ခံယူနေတယ်။ သူဟာ မျက်စိအမြင်အားနည်းသော ကလေးများအတွက် ကြိုတင်ပညာရေးဝန်ဆောင်မှုများ (VIPS) ကတစ်ဆင့် တစ်လကို တစ်ကြိမ် အမြင်အာရုံဝန်ဆောင်မှုတွေကိုလည်း စတင်ခံယူနေပါပြီ။ အခုအချိန်အထိ အရာအားလုံးက အရမ်းအဆင်ပြေနေပါတယ်။ ကျွန်တော့်သားလေးဟာ အခု သူ့ကိုယ်ကို ဟိုဒီလှိမ့်လှည့်လို့ရနေပြီး သူ့အရုပ်တွေနဲ့ ဆော့ကစားနေပါပြီ။ သူဟာ ခေါင်းကိုလည်း ကောင်းကောင်းထိန်းနိုင်နေပါပြီ။ သူဟာ သူ့ညာလက်ကို ပိုပြီးအသုံးပြုနေပြီး စတင်လေးဘက်သွားနေပါပြီ။ သူဟာ ဆော့ကစားနေစဉ် ပိုပြီးအသံတွေ ပြုတတ်နေပါပြီ။ First Steps ဟာ ကျွန်တော်တို့ရဲ့အာမခံနဲ့ ပူးပေါင်းပြီး Greyson ရဲ့ဖွံ့ဖြိုးမှုကို ကူညီပေးမယ့် အသုံးဝင်တဲ့ လိုက်လျောညီထွေပစ္စည်းတွေကို ရရှိအောင် လုပ်ဆောင်ပေးခဲ့ပါတယ်။

First Steps မရှိရင် ကျွန်တော့်သားလေးဟာ အခုလို ဒီအဆင့်ကို မရောက်နိုင်ပါဘူး။ ကျွန်တော်တို့မိသားစုအတွက် ဒီအစီအစဉ်နဲ့ ကျွန်တော်တို့ဝန်ထမ်းများ၏ လုပ်ဆောင်ပေးတာတွေအတွက် ကျေးဇူးတင်ပါတယ်။



**The Haug မိသားစု**

**30,000**

**အင်ဒီယားနားပြည်နယ် ကလေးငယ်များကို ဝန်ဆောင်မှုပေးခဲ့ပါသည်။**

**First Stepsမှ 2023-2024 တွင်**

**အစောပိုင်းစောင့်ရှောက်မှုဝန်ဆောင်မှုတွေ ခံယူခဲ့တဲ့ မွေးကင်းစကလေးနဲ့ ကလေးငယ်တွေရဲ့ သုံးပုံတစ်ပုံဟာ ကလေးဘဝအစောပိုင်းကာလ အထူးပညာရေးကို မလိုအပ်ကြပါဘူး။**

## စောစီးစွာဆောင်ရွက်ခြင်း၏ အရေးကြီးပုံ

- ဦးနှောက်ဖွံ့ဖြိုးမှု၏ 90 % သည် အသက် 5 နှစ်အရွယ်မတိုင်မီ ဖြစ်ပွားသည်။
- ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အရေးပါဆုံးအချိန်မှာ ပထမသုံးနှစ်အတွင်း ဖြစ်သည်။
- ဦးနှောက်သည် ပေါင်းသင်းဆက်ဆံရေး၊ ဘေးကင်းလုံခြုံပြီး ထောက်ပံ့သော ပတ်ဝန်းကျင်နှင့် သင့်လျော်သောအာဟာရဓာတ်တို့ဖြင့် အစောပိုင်းကာလ ကောင်းမွန်သော အတွေ့အကြုံများကြောင့် သန်မာလာသည်။
- အစောပိုင်းကလေးဘဝတွင် အရည်အသွေးမြင့် စောင့်ရှောက်မှု ဝန်ဆောင်မှုများဖြင့် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို ပြောင်းလဲပေးနိုင်ပြီး ကလေးများ၊ မိသားစုများနှင့် အသိုက်အဝန်းအတွက် ရလဒ်များကို တိုးတက်စေနိုင်သည်။
- စိတ်ခံစားချက်ကောင်းမွန်ရေးနှင့် လူမှုဆက်ဆံရေးကျွမ်းကျင်ခြင်းသည် ပေါ်ပေါက်လာသော အသိဉာဏ်စွမ်းရည်များအတွက် ခိုင်မာသောအခြေခံကို ပေးစွမ်းပြီး ၎င်းတို့အားလုံးသည် ဦးနှောက်ဖွဲ့စည်းပုံ၏ အုတ်မြစ်နှင့်မောင်းနှင်စွမ်းအားများဖြစ်သည်။
- အစောပိုင်းနှစ်များတွင် ပေါ်ပေါက်လာသော စိတ်ကျန်းမာရေးနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး၊ လူမှုစွမ်းရည်များနှင့် အသိဉာဏ်-ဘာသာစကားစွမ်းရည်များသည် ကျောင်း၊ လုပ်ငန်းခွင်နှင့် ကျယ်ပြန့်သောအသိုက်အဝန်းတွင် အောင်မြင်ရန် အရေးကြီးသောအရာများဖြစ်သည်။



### စွမ်းရည် တည်ဆောက်မှု : လူမှုအချက်အလက်

| | မေ - ဇူလိုင် 2023 | ဩဂုတ် - အောက်တိုဘာ 2023 | နိုဝင်ဘာ 2023 - ဇန်နဝါရီ 2024 | ဖေဖော်ဝါရီ - ဧပြီ 2024 |
|---|---|---|---|---|
| **# ညှိနှိုင်းရေးမှူးများ ဝန်ဆောင်မှု** | **252** | **256** | **278** | **281** |
| **# ဝန်ထမ်းများ ဝန်ဆောင်မှု** | **1811** | **1852** | **1886** | **1974** |
| **# အပိုင်းများ ဝန်ဆောင်မှု** | **154,087** | **167,400** | **162,983** | **176,060** |
| **# ဝန်ဆောင်မှုယူသူ ကလေးငယ်များ** | **15,100** | **15,702** | **15,811** | **16,106** |

**ပြည်နယ်၏ First Steps စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကြောင့် ဘတ်ဂျက်တိုးမြှင့်ခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ ကြိုးပမ်းမှုများကြောင့် လူနာအရေအတွက်ကို လျှော့ချနိုင်ခဲ့ပြီး ဝန်ထမ်း 163  ဦး ထပ်မံတိုးမြှင့်နိုင်ခဲ့သည်။**